
mgyoe.com

# ကျော်အောင်

## ဝတ္ထုတို ၅ ပုဒ်



mgyoe.com

100S008

900.00 KS

mgyoe.com

mgyoe.com

ဝတ္ထုတို ၅ ပုဒ်၊ ကျော်အောင်
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၉၀ မျက်နှာ၊ ၁၂·၈ စင်တီ × ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၉၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# ဝတ္ထုတို ၅ ပုဒ်

ကျော်အောင်

မြန်မာဝတ္ထုတိုရာပြည့် (၁၉၁၇-၂၀၁၇) အမှတ်တရ

ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ နေ့ရစ်တော့ အမေ ၁

၂။ မှိုင် ၁၁

၃။ ၃၆၆ ၃၅

၄။ မောင်လာချိန်နီးပါပေါ့ ၄၈

၅။ လူ့သဘော ၆၆


❑

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com


# နေရစ်တော့ အမေ

ညှော်သည်များအားလုံးလိုလိုပင် ပြန်၍ သွားလေပြီ။ သည်အခါ ကျမှပင် သူတို့ မောင်နှမသည် အားရပါးရ ငိုကြတော့မည်ဟု ပြင်ဆင်ကာ မိခင်၏အလောင်းစင်ဘေး၌ ထိုင်ကြလေ၏။ မောင်က တစ်ဖက်၌ ထိုင်၍ နှမက တစ်ဖက်က ထိုင်ကာ မိခင်၏ မျက်နှာကို တစိမ့်စိမ့် ကြည့်ကြလေသည်။ မိခင်၏မျက်နှာသည် ရုပ်ဆင်းပင် မပျက်သေးဘဲ ဖြူဖွေးနေ၏။ မျက်နှာကို သမီးက မှုန်နံ့သာ ခြယ်ထား၍ မီးရောင်မှာ ဝင်းလက်နေ၏။ သေပန်းပွင့်သည် ဆိုတာ ဒါကိုပင် ခေါ်မလားမသိ။ ယခုမှပင် မိခင်၏မျက်နှာသည် အပြစ်ကင်းစင်နေသည်ဟုလည်း ထင်မိ၏။

အိမ်ရှေ့မှာ ယာယီထိုးထားသော မဏ္ဍပ်တွင်မူ အရပ်ထဲက မိတ်ဆွေများ လာရောက်၍ ဖဲဝိုင်း ဖွဲ့ကာ ကစားနေကြ၏။ ညဦးပိုင်းကမူ မသာ မေးလာရောက်သည့် ပရိသတ်ကြောင့် မောင်နှမနှစ်ယောက် မျက်နှာချင်း မဆိုင်ရ။ မောင်က ယောကျ်ားဝိုင်းတွင် ညှော်ခံ၍၊ နှမက မိန်းမဝိုင်းတွင် ညှော်ခံနေရ၏။ ယခုမှပင် မောင်နှမနှစ်ယောက် မျက်နှာ

mgyoe.com

ချင်းဆိုင်ရ၏။

မောင်သည် မကြာသေးမီကမှ ဝတ်လုံ စာမေးပွဲဖြေဆို အောင်မြင်ပြီး တရားမ ဝန်ထောက်ကလေးအဖြစ် ဟိုဝေးသော အောက်ပြေအောက်ရွာ အရပ်တစ်ခုသို့ အလုပ်ဖြင့် ရွှေ့ပြောင်းသွားရ၏။ ယခုအမေသေမှပင် မီရာ လေယာဉ်ပျံဖြင့် လိုက်ခဲ့ရ၏။ သူတို့ဖခင် အငြိမ်းစား ဝန်ထောက်ကြီး ဆုံးကတည်းက ဥမကွဲ – သိုက်မပျက် မိသားတစ်စု နေထိုင်လာကြသည်။ သားကြီးသည် ရိုးရိုးကုပ်ကုပ်နှင့် ပညာရှာမှီး၏။ ကောလိပ်ကျောင်း၌ သွားရောက် ပညာသင်ကြားနေရသော်လည်း ကျောင်းပိတ်ရက်တိုင်း မိဘနှင့် နှမလေးရှိရာသို့ ပြန်လာလေ့ရှိ၏။ ၁၅ ရက်မျှသာ ကျောင်းပိတ်ရက် ရသည့် ဒီဇင်ဘာ ကျောင်းပိတ်ရက်မှာပင် အမေ့ရပ်ထံသို့ ပြန်ဖြစ်အောင် ပြန်ရ၏။ အသက်အရွယ်အားဖြင့်ဆိုလျှင် သူ၏အသက်မှာ မငယ်တော့ပေ။ ဘီအေအောင်သည့်အချိန်မှာ အသက်အစိတ်ရှိနေပြီ။ ဂျပန်ခေတ်က ပညာသင်ကြားရေး ပျက်ရ၍ အသက် ၂၁ နှစ်မှ ကောလိပ်ကျောင်းသို့ရောက်ရ၏။ အိမ်ထောင်ရက်သားပြုဖို့ အချိန်တော်ပြီဟု တစ်နည်းဆိုနိုင်သော်လည်း မိခင်နှင့် နှမ၏မျက်နှာများကို မြင်ယောင်မိသည့်အခါတိုင်း အိမ်ထောင်ပြုလိုစိတ် လွင့်စဉ်ခဲ့ရ၏။ နှမဖြစ်သူကလည်းသည်အတိုင်းပင်တည်း။ မိခင်က သူတို့ နှစ်ယောက်အား အိမ်ထောင်ပြုရန် ပြောသည့်အခါတိုင်း နှစ်ယောက်စလုံး ခေါင်းခါခါ လည်ခါခါငြင်းဆိုမိလေသည်။

နှမဖြစ်သူမှာလည်း မောင်ကြီးကဲ့သို့ပင် မိခင် သံယောဇဉ်ကြီးမားလွန်း၍ အိမ်ထောင်ပြုရန် သည်တစ်သက်တွင် စိတ်မကူးမိပေ။ သည်အမေကိုပင် လုပ်ကျွေးပြုစု၍ တသက်လုံး အပျိုကြီးဘဝဖြင့် အရိုးထုတ်ကာ အမေမျက်နှာလွှဲလျှင် ဘိက္ခုနီမ လုပ်တော့မည်ဟု

mgyoe.com


စိတ်ပိုင်းဖြတ်ထား၏။ ချစ်လိုက်ရသည့် အမေ၊ ခင်တွယ်လိုက်ရသည့် အမေ၊ သံယောဇဉ် ကြီးလိုက်ရသည့် အမေ။

ဩော်... ဒေါ်လွန်းမယ်တို့တော့ သည်တစ်သက်မှာ သားသမီး အကျိုးပေး တယ်ကောင်းဟု အရပ်ကပင် ချီးမွမ်းရ၏။

ဟောဒါက မေမေကြိုက်တဲ့ ကြက်သားစွပ်ပြုတ်၊ ဟောဒါက မေမေကြိုက်သလို ချက်ထားရတဲ့ ဝက်သားစတိတ်။ သမီးသည် မအေ့ အကြိုက် ဟင်းတစ်မျိုးပြီးတစ်မျိုး လဲ၍ ချက်ပေး၏။ "ကျွန်မတို့ မေမေက အကောင်းမှ စားတာရှင့်" ဟုလည်း အရှေ့ခုနစ်အိမ် အနောက် ခုနစ်အိမ် ပြောရ၏။

"ဟော... ကိုကိုက မေမေ့ဖို့ ရခိုင်လုံချည်တစ်ထည် ဝယ်ပို့ လိုက်တယ်၊ မေမေ ကြိုက်တတ်တဲ့ ရခိုင်ငါးပိ၊ သူ့မိတ်ဆွေရခိုင်တွေ ဆီက ရလို့ ပို့လိုက်တယ်၊ ဒါက ကိုကို လူကြုံမှာပေးလိုက်တဲ့ မေမေ့ ဖို့ ပုစွန်ဆီရှင့်" စသည်ဖြင့် လူကြုံပါးလိုက်သော ပစ္စည်းများကို ယူ လာ၍ အပြန်လမ်းမှာ တွေ့သမျှ မိတ်ဆွေသင်္ဂဟတိုင်းကို ပြရ၏။

"ကျွန်တော်တို့ဖြင့် "အိမ်ထောင်ရက်သား ပြုဖို့ စိတ်မကူးနိုင်သေး ပါဘူးဗျာ။ ဒီမအေနဲ့ ဒီနှမရဲ့ သံယောဇဉ်က ကြီးလွန်းလို့။ မေမေ မကြိုက်တာဆိုရင် ကျွန်တော် ဘာမှ မလုပ်ပါဘူးလို့ ဘုရားမှာ သစ္စာ ဆိုထားတယ်။ မိန်းမယူရင်လည်း မေမေ စိတ်ကြိုက်တွေ့မှ ယူမယ် စိတ်ကူးတယ်ဗျာ။ ကျွန်တော်တို့မှာ ဒီမောင်နှမမိသားတစ်စု သုံး ယောက် ရှိတာ၊ ကျွန်တော့်အမေကြီး စိတ်ချမ်းသာမှ ကောင်းမယ်..."

မောင်ကလည်း ဤသို့သဘောရှိ၍ "မလွန်းမယ်တို့ သားသမီး အကျိုးပေးတယ်" ဟု အရပ်က ပြောကြသည်မှာလည်း အမှန်စင်စစ် မကဲလွန်းပါ။

သားနှင့်သမီးသည် အမေသေသည့်အခါ အစဉ်အလိုက် စိတ်

mgyoe.com

ထဲ၌ အမေနှင့် ပတ်သက်သည့် ကိစ္စတို့ တစ်ခုပြီးတစ်ခု ပေါ်လာကြ၏။

မေမေက လိမ္မာအောင် ဘယ်လို သွန်သင်တတ်ပုံ။ မေမေက သားနှင့်သမီးကို ဘယ်သို့ သံယောဇဉ်ကြီးပုံ စသည်တို့မှာ တစ်ခုပြီး တစ်ခု ပေါ်လာကြ၏။ သည်အခါတွင် မျက်ရည်ဖြိုင်ဖြိုင်ကျရပြန်လေသည်။

သမီးက သူတို့နှစ်ယောက်မှာ ယခုအခါ တစ်ကောင်ကြွက်ဖြစ်၍ ကျန်ရစ်နေပုံ၊ ဖေဖေမျက်နှာလွဲကတည်းက မေမေ့လက်ပေါ်၌ ကြီးပြင်းခဲ့ရ၍ အမေအုပ်သော သမီးပီပီ သူ့ဘယ်လို လိမ္မာစွာနေထိုင်ခဲ့ပုံ၊ ယခုတော့ မျက်စိသူငယ်၊ နားသူငယ် ကျန်ရစ်ရတော့ပုံတို့ကို ဖွဲ့နွဲ့၍ ငိုပြန်၏။

"ကဲ... ကဲ... ညီမလေး အိပ်တော့ ဟုတ်လား၊ အစ်ကိုကြီး မေမေ့အလောင်းကို တလှည့်စောင့်ဦးမယ်..."

"ဟင့်အင်း... ကိုကို၊ ဒီည ညီမလေး မအိပ်တော့ဘူး... အိပ်လို့လည်း မရတော့ဘူး၊ အားရအောင် ငိုဦးမယ်။ ပြီးတော့လည်း မေမေ့မျက်နှာကို အားရအောင် ကြည့်ပါရစေဦး ကိုကိုရယ်... ဒီတစ်ခါ နောက်ဆုံးကြည့်ခြင်းနဲ့ ကြည့်ရမှာပါ..."

သားကြီးကမူ မည်သို့မျှ ဖွဲ့နွဲ့၍ မငိုကြွေးသော်လည်း မျက်ရည်ဖြိုင်ဖြိုင်ကျ၍သာ အမေ့အလောင်းကို ကြည့်နေ၏။ စိတ်ထဲမှာမူကား အမေနှင့် ပတ်သက်၍ ဝမ်းနည်းကြေကွဲကာ ဆွေးရိနေ၏။

"ဒါတွေဟာ ငါ့အပြစ်ချည်းပဲ၊ ငါနဲ့ ဝေးဝေးလံလံနေရလို့ မေမေ သေရတာ။ ငါ့မျက်စိအောက်မှာသာ နေရရင် မေမေ ဒီလို မသေရဘူး၊ တောမှာနေရတော့ ဆရာဝန်ကောင်း မရှိဘူး။ ရန်ကုန်ကိုသာ အချိန်မီခေါ်ပြီးကုရရင် မေမေ သေဦးမှာ မဟုတ်ဘူး။ ညီမလေးကလည်း လိုတာပါပဲကွယ်။ ဖြစ်ဖြစ်ချင်း ငါ့ကို အကြောင်းမကြားဘူး။

mgyoe.com

mgyoe.com

ရုတ်တရက် ရောဂါဆိုးလာမှ ငါ့ကို မှာတယ်..."

"အစက ဒီလိုမသိလို့ ကိုကို့မမှာရတာ ကိုကိုရဲ့။ ရောဂါက ဘာမှ ဖြစ်လောက်တာ မဟုတ်တော့ ဒီလို ပိုးစိုးပက်စက် ဖြစ်လိမ့်မယ်လို့ စိတ်ထဲမှာ မထင်မိဘူး။ ညီမလေး အပြစ်လည်း ပါတာပါပဲ ကိုကိုရယ်... ညီမလေး မိုက်လို့ မေမေ သေရတာ..."

"ကဲ ကဲ... ညီမလေး ခေါင်းကိုက်နေမယ်... မငိုနဲ့တော့ လာပေ့... မေမေ့အလောင်းကို မေမေကြိုက်တတ်တဲ့ ဇင်းမယ်လုံချည် လွှမ်းပေးရအောင်၊ ပေးပေး မေမေ့သေတ္တာသော့၊ ကိုကိုလုံချည် သွားယူချိမယ်..."

"ကိုကိုစောင့်နေပါ ကိုကို... ညီမလေးမှ ယူတတ်ပါတယ်... ကိုကို မရှာတတ်ပါဘူး..."

သမီးငယ်သည် အလောင်းစင်ဘေးမှ ထကာ အတွင်းခန်းဘက်သို့ ဝင်သွား၏။

သားကြီးကမူ အမေ့ဘေးမှထိုင်ကာ အမေ့မျက်နှာကိုသာ တစိုက်စိုက် ကြည့်နေလေသည်။ မကြာမီ ညီမငယ် ပြေး၍ ထွက်လာပြီး...

"ကိုကိုရေ လာစမ်းပါဦး... မေမေ့ သေတ္တာထဲက ဟောဒါတွေ တွေ့လို့ ကိုကိုရဲ့၊ လာလာ အခန်းထဲ သွားကြည့်ရအောင်..."

သားနှင့်သမီးသည် ခပ်သုတ်သုတ် အိမ်ခန်းထဲသို့ ဝင်သွားကြ၏။

"ဒီမှာ ကြည့်ပါဦး ကိုကိုရယ်... ဒါတွေ ဖေဖေ့လက်ရေးတွေ မဟုတ်လား ကိုကိုရဲ့။ ဖေဖေ ငယ်ငယ်တုန်းက မေမေနဲ့ မရခင် ရည်းစားဖြစ်နေတုန်း ပေးတဲ့စာတွေ ထင်ပါရဲ့။ အားအားရှိရင် မေမေက ဒီစာတွေ ထုတ်ထုတ်ပြီး ဖတ်တတ်တယ် ကိုကိုရဲ့..."

mgyoe.com

mgyoe.com


"ပြစမ်း... ညီမလေး..."

အစ်ကိုကြီးသည် ညီမလေးထံမှ စာကို ယူ၍ ဖတ်၏။ စာများမှာ လက်ကိုင်ပဝါထည့်သော သေတ္တာကလေးနှင့် သပ်ရပ်စွာ ထည့်ထား၏။

မလွန်းမယ်

မင်းနဲ့ငါ နီးနိုင်ဖို့ နည်းလမ်းတော့ ရှိနေပြီ။ ငါမြို့အုပ်စာမေးပွဲ ဖြေရလိမ့်မယ်။ အောင်လည်း အောင်မှာပဲ။ ဖြေပြီးလို့ရှိရင် အောင်သည် ဖြစ်စေ၊ မအောင်သည်ဖြစ်စေ လက်ထပ်လိုက်ကြမယ်...၊ မင်းကို ငါ သိပ်ချစ်ပါတယ်ကွယ်...၊ ငါဘယ်သူ့မှ မယူပါဘူး...၊ အိမ်က ပေးစားမဲ့ မိန်းမလည်း မယူပါဘူး၊ ယုံပါ။ မင်းကသာ ငါ့အပြင် တစိမ်းကို မြင်မှာ စိုးရတယ်...။

နောက်မှ စာရေးဦးမယ်။

ဖေခင်

"ဖေဖေ့ လက်မှတ်ပဲ ညီမလေး... ဒီလိုလုပ်ရရင် မကောင်းဘူးလားဟော့... ညီမလေး... ဒီစာတွေ မေမေ့ 'ခေါင်း' ထဲ ထည့်လိုက်ရအောင်လေ... မေမေ ချစ်မြတ်နိုးတဲ့ ဖေဖေ့စာတွေ သူနဲ့အတူ ပါသွားရင် ကောင်းမှာပေါ့..."

"အို ကိုကိုကလည်း ညီမလေးတို့ သိမ်းထားမှာပေါ့ ကိုကိုရဲ့..."

"အေးလေ... ညီမလေး သဘောပဲ..."

"ဟောကိုကို ဒီစာဖတ်ကြည့်စမ်း... ဒါက ဖေဖေ့လက်ရေး မဟုတ်ဘူး... လက်ရေးတစ်မျိုး ကိုကိုရဲ့..."

ညီမငယ်သည် ဖတ်ရင်းဖတ်ရင်း မျက်မှောင်ကြုတ်၍ သွား၏။

အစ်ကိုကြီးက သူ့လက်ထဲမှ စာကို ဖတ်ချင်ဇောနှင့် စောင့်နေရာ

mgyoe.com

mgyoe.com


က ညီမငယ်၏မျက်နှာမှ အမူအရာကိုကြည့်ကာ မစောင့်နိုင်၊ ညီမငယ်နှင့် ခေါင်းချင်း ယှဉ်ကာ ဖတ်လေ၏။

မလွန်းမယ်

ကောင်းကြတယ်ပေါ့ကွယ်၊ မင်းလုပ်ပုံတယ်ပြီး ပိရိတယ်ပေါ့။ ငါက မင်းရဲ့ ငယ်ရည်းစားပါကွဲ့၊ ဖေခင်က ငါ့နောက်မှ တွေ့ရတာပါ။ ဖေခင်က ငါ့ထက်များ ဘာသာလို့လဲ၊ ဖေခင့်မိဘကလည်း မင်းနဲ့ သဘောမတူပါဘူး၊ ဒါများ မင်းက တမ်းတမ်းစွဲလိုက်တတ်လွန်းတယ်။ ငါ့ကို မျက်ရည်ခံထိုးမနေပါနဲ့၊ မင်းဘယ်လို ဆင်ခြေပေးပေမဲ့ အလကားပါပဲ။ ဒါပေမဲ့ ငါတစ်ခု သတိပေးလိုက်မယ်၊ ငါ့ဗိုက်ကို သူ့ဗိုက်လုပ်ပြီး ငါ့ကလေးကို ပထွေးလက်မှာ နေတာတွေ ငါမမြင်ချင်ဘူး၊ ငါမကြည့်ရက်ဖူး၊ မင်းသတ္တိကောင်းရင် ငါ့ဆီ လာခဲ့၊ လက်မလွန်ခင် လာခဲ့၊ အဆင်သင့်ပဲ။

လူတင့်

အစ်ကိုကြီးနှင့် ညီမလေးမှာ စာကိုဖတ်ပြီး ကြက်သေသေနေကြ၏။ တစ်ယောက်နှင့်တစ်ယောက် စကားမပြောနိုင်ဘဲ ငေးမော၍ ကြည့်နေကြ၏။ အတန်ကြာမှ အစ်ကိုကြီးက ခပ်လေးလေး...

"မေမေ့မှာ တို့အထက် ကလေးရှိတယ်လို့ ပြောဖူးသလား ညီမလေး..."

"ဟင့်အင်း... မပြောဖူးဘူး ကိုကို...၊ ကိုကိုနဲ့ ညီမလေးပဲ မွေးတယ်လို့ မေမေ ပြောဖူးတယ်..."

သည်အခါမှ အစ်ကိုကြီးသည် ရှင်းရှင်းလင်းလင်း သဘော

mgyoe.com

ပေါက်သွား၏။ ညီမငယ်ကလည်း သဘောပေါက်သွား၏။ သူတို့နှစ်ယောက်မှာ မအေတူ ဖအေကွဲများ ဖြစ်ကြလေသည်။

စောစောက မေမေ့ကို ကြည်ညိုစိတ်၊ စောစောက မေမေ့ကို သနားစိတ်တို့မှာ ယခုအချိန်၌ လုံးဝပျောက်ကွယ်သွားကြ၏။ ဒီအကြောင်းတွေကို မေမေ ဘာကြောင့် ထိမ်ချန်ထားသည်ကိုလည်း မတွေးတောနိုင်အောင် ရှိနေပြီး မေမေ့ကို ဒေါသထွက်နေကြသည်။

အတန်ကြာ စကားမပြောဘဲ နေပြီးမှ အစ်ကိုကြီးက

"ငါ ဒီမှာ မနေချင်တော့ဘူး ညီမလေး၊ သွားတော့မယ်၊ နက်ဖြန်ပြန်တော့မယ်..."

"ဟင်... ဘယ့်နှယ်လုပ်မလဲ...၊ မသာဘယ်လိုချမလဲ၊ စီစဉ်ပြီးကုန်ပြီဟာ ကိုကိုကလည်း၊ ညီမလေးတစ်ယောက်တည်း ဘယ့်နှယ်လုပ်မလဲ၊ ညီမလေးလည်း လိုက်မှာပေါ့၊ မသာတော့ ပြီးစီးအောင်ချလိုက် ဦးမှပေါ့... ကိုကိုရယ်..."

"အို... သွားမယ်ဟာ၊ နင် မလိုက်ချင်နေ၊ ငါတော့ ဒီအိမ်မှာကိုမနေချင်တော့ဘူး၊ မသာအတွက် ကျတဲ့ စရိတ်ကို ငါခံမယ်..."

"ညီမလေးလည်း မနေချင်ပါဘူး လိုက်မှာပေါ့၊ မသာကြောင့်ခက်နေတာ..."

"အို... မသာကို အရပ်က ချလိမ့်မယ်၊ ပေးပေး၊ ဒီစာတွေငါ့ကိုပေး၊ ငါ ဒီည ဒီမှာ မအိပ်ဖူး၊ ငါ့သူငယ်ချင်းအိမ်မှာ သွားအိပ်မယ်၊ မနက်ဘူတာဆင်းပြီး ရထားစီးမယ်..."

"အို... ကိုကိုသွားရင် ကျွန်မလည်း မနေဘူး လိုက်မယ်၊ ခုကိုလိုက်မယ်... ဘယ့်နှယ်နေနေ..."

"ကဲ... လာသွားမယ်၊ အဝတ်အစားတွေ သိပ်ယူမနေနဲ့၊ လက်ဝတ်လက်စားနဲ့ ငွေသာယူခဲ့၊ ငါကြာကြာမနေချင်ဘူး၊ နောက်မှ

mgyoe.com

mgyoe.com

လာယူ၊ ဟုတ်လား၊ မယူချင်လည်း နေပါဟာ... ဒီမအေ ဆင်တာများ မဝတ်ချင်စမ်းပါနဲ့..."

မောင်နှမ နှစ်ယောက်သည် ပစ္စည်းအနည်းငယ်သိမ်းဆည်းပြီး အခန်းထဲမှ ထွက်လာခဲ့ကြ၏။ အိမ်ရှေ့အလောင်းစင် ပြင်ထားသော အခန်းသို့ ရောက်လျှင် အမေ့အလောင်းကို ပြန်စောင်းမှ လှည့်မကြည့်ဘဲ အပြေးဆင်းကာ ည၏အမှောင်၌ ကွယ်ပျောက်သွားကြလေသည်။ ။

မြဝတီမဂ္ဂဇင်း၊ ဖေဖော်ဝါရီ၊ ၁၉၅၄

❑

mgyoe.com



mgyoe.com


## မှိုင်

"ရန်ကုန်ရောက်စဆိုတော့ နာမည်ကလည်း ထွက်လာဖို့လိုသေးတယ် တူမရဲ့၊ ဦးလေးတိုးကတော့ လက်ခံလိုက်ချင်ပြီ ဘယ့်နှယ်လဲ...."

"ခရီးပန်းလာသေးလို့ပါ ဦးလေးတိုးရယ်၊ လာဘ်ဦးကို မဖယ်ကောင်းဘူးဆိုတာ ကြည်ကြည်လည်း သိပါတယ်..."

ဦးလေးတိုး ဆိုသူမှာ မျက်ခုံး ကောင်းကောင်း အသားမည်းမည်း၊ အရပ်ထောင်ထောင်မောင်းမောင်း ဖြစ်၏။ ကွမ်းစားလွန်းသဖြင့် သွားဖုံးများ နီနေကာ အထက်သွား၊ အောက်သွား ဆယ်ချောင်းခန့်မှာ အဖြူရောင် မရှိတော့ပေ။ လူပုံပန်းသဏ္ဍာန် ကြည့်ရသည်မှာ သူ၏ အသက်မွေးဝမ်းကျောင်းမှုနှင့် တစ်ဘာသာစီဖြစ်နေ၏။ သွားဖုံးပေါ်အောင် သွားကို ဖြီးလျှင်ကား ရယ်စရာ ကောင်းပေမည်။ သူသည် ငွေတာရာ ကြည်ကြည်၏ အငြိမ့်မှ လူရွှင်တော် ဖြစ်လေသည်။

**သားအမိနှစ်ယောက်နှင့် ဦးနောက်တိုး**

သူတို့တတွေ အကြောင်း အတိအကျပြောလျှင် သူတို့သည်

mgyoe.com

mgyoe.com


အညာမှ ရန်ကုန်သို့ဆင်းလာသော အငြိမ့်အဖွဲ့ဖြစ်၏။ အညာ၌နေစဉ်ကား ငွေတာရီကြည်ကြည်ဆိုလျှင် နာမည်ကြားရုံနှင့် ကလေးလူကြီး မကျန် သိကြ၏။ အထူးသဖြင့် မြင်းခြံ၊ ညောင်ဦး၊ ပုဂံနှင့် ပခုက္ကူ တစ်ဝိုက်၊ မြစ်ရိုးတစ်လျှောက်၌ကား အကျော်ဒေးယျ အငြိမ့်အဖွဲ့တစ်ခု ဖြစ်၏။ ဤအကျော်ဒေးယျအငြိမ့်အဖွဲ့ ရန်ကုန်သို့ ဆင်းလာသည်မှာ တစ်မျိုးဆိုလျှင် အံ့သြစရာ ကောင်း၏။ ပခုက္ကူ မြင်းခြံ၊ ညောင်ဦး တစ်ဝိုက်မှာ အကျော်ဒေးယျဖြစ်လျှင် ဘာ့ကြောင့် ရန်ကုန်ကို ဆင်းလာ ရသနည်းဟူသော မေးခွန်းကို ထပ်ဆင့် တက်၍ စာဒက ဝင်နိုင်၏။ အကြောင်းကတော့ သည်လိုပါ။ ။

* * *

"ကြည်ကြည်ပျို ခေတ်ထလို့၊ ချစ်ကြပေတယ်။ အစ်ကိုကာလ သားများတို့ရဲ့ အားထားပါတယ်..."

မြစ်ရိုးတစ်လျှောက်တွင် ကြည်ကြည်မှာ ဤ သီချင်းဆန်းဖြင့် တစ်ခေတ်ထခဲ့သည်မှန်ပါ၏။ သို့သော်လည်း ခေတ်မကောင်းခိုက်နှင့် ကြည်ကြည် စန်းထခိုက် ကြုံခဲ့ရခြင်းမှာ ကြည်ကြည်အတွက် တစ်မျိုး ကုသိုလ်ဆိုးသည်ဟု ဆိုရပေမည်။

ကြည်ကြည်ခေတ်ထချိန်၌ မြင်းခြံ၊ ပခုက္ကူ၊ ညောင်ဦးတို့ကို ရဲဘော်ဖြူနှင့် ကွန်မြူနစ် – နီ သူပုန်တို့ သိမ်းပိုက်လိုက်ကြ၏။ ကနဦးကတော့ ဆရာကြီး မြန်မာညွန့် ဦးချစ်၊ ဒေါ်အောင်ကြည် အမှူး ထားကာ သည်ဒေသတစ်ဝိုက်၌ မိတ်ကောင်း၊ ဆွေကောင်းများနှင့် ထမင်းတစ်လုတ် ဝမ်းတစ်ထွာကို ကျောင်းနိုင်ခဲ့၏။ ဤခေတ်၌ကား ခါတိုင်းကဲ့သို့ လုပ်ငန်းမတွင်ကျယ်ခဲ့ပေ။ ခေတ်ကြီးက ဗရုတ်ဗရက် ဖြစ်နေချိန်၊ လူတွေမှာ ဂီတသဘင်၏အရသာကို မခံစားနိုင်ကြ။ မြို့ပေါ်

mgyoe.com

mgyoe.com


ရပ်ကွက်များ၌ကား ဘုရားပွဲ၊ ဘုန်းကြီးပျံရှိလျှင် စားသာသေး၏။ ထိုအချိန်တွင်မူ အစစအရာရာ အဆင်မပြေသောကြောင့် စည်စည်ကားကား မရှိခဲ့ဘဲ၊ တထိတ်ထိတ် တလန့်လန့်နေရသောအခါ ဖြစ်ပေသည်။ ခါတိုင်းဆိုလျှင် မြို့မှာ အငြိမ့်မကရသည့်အခါ တောမှာ လည်၍ က, ရသေး၏။ တစ်လ နှစ်ခါ အနည်းဆုံး က, ရ၏။ ယခုမူ တောကိုလည်း မသွားနိုင်သဖြင့် ခေတ်မှိန်၍ ရန်ကုန်သို့ မဆင်းလျှင် မဖြစ်တော့သည့်အချိန်ကို ဆိုက်ရောက်လာရလေသည်။

ဦးချစ်နှင့် ဒေါ်အောင်ကြည်မှာ ကြည်ကြည်၏မိဘလည်းမည်၏။ ဆရာသမားလည်း မည်၏။ မိဘက သားသမီးအား ကောင်းစားစေလို၍ မြို့ကြီး ပြကြီးဖြစ်သည့် ရန်ကုန်ဒေသ မင်းနေပြည်သို့ ချီးမြှင့်ရန် အတန်တန်ခေါ်သည်ကို ငြင်းဆန်ခဲ့၏။ ယခုမူ ငြင်းဆန်ရန် အချိန်မဟုတ်တော့ပေ။

"နင်တို့ တတွေဟာ အစွမ်းအစ ရှိရက်သားနဲ့ ကိုယ့်အရပ်ကို ခင်နေကြတယ်၊ မခွာနိုင်ကြဘူး။ နဲ့သမား မြမောင်တစ်ယောက်လည်း သည်လိုပဲ ရန်ကုန်ကို ငါအကြိမ်ကြိမ်ခေါ်တယ် မလာဘူး။ မပျော်ပေမဲ့ ကိုယ့်ရဲ့ ကြီးပွားတိုးတက်ဖို့ လမ်းကြောင်းကိုလည်း ကိုယ်က ထွင်တတ်ရတယ်။ ပျော်ရ မနေရဘူး၊ တော်ရာ နေရမယ်..."

ဆရာ၏စကားကို ကြားယောင်မိကာ သည်တစ်ခါတော့ ဘာပဲဖြစ်ဖြစ်ဟု နှလုံးပိုက်ကာ ရန်ကုန်သို့ ဇွတ်ပင် ဆင်းလာခဲ့၏။

ယခုမူ ရန်ကုန်ရောက်သည်မှာ တစ်ပတ်ပင် မပြည့်သေး၊ ဆရာ အရှိန်အဝါနှင့်အငြိမ့်ငှားသူ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာပေပြီ။

"အငြိမ့်က,တာနဲ့ ဆေးလိပ် လိပ်တာ ဘာဆိုင်သလဲ။ အငြိမ့်ကတာက သဘင် – အနုပညာ၊ ခုလိုသာ ရန်ကုန်ဆင်းမလာရင်

mgyoe.com

mgyoe.com

ဆေးလိပ် လိပ်ရင်းပဲ နင်သေမှာပဲ…”

ကြည်ကြည်ကမူ ပြုံး၍သာ ဆရာ၏ စကားကို နားထောင်နေရ၏။

“ပြီးတော့ ဒီမှာနေရင် ငါ့စကား နားထောင်ရမယ်။ က, ဖို့က နင့်တာဝန်၊ ရောက်စ, နာမည် မထွက်ခင် ပိုက်ဆံကြေးငွေကို ပဓာန မထားနဲ့၊ နာမည်ရလာမှ ဒါတွေက အလိုလို လိုက်လာမှာ ကြားလား…”

သည်စကားများကိုလည်း ကြားယောင်နေ၏။ ယခုမူ ကိုယ့်ဆီသို့ ရောက်လာသော လာဘ်ဦးကို ပယ်လိုက်ရမည်လား၊ လက်ခံရမည်လား ဝေခွဲမရနိုင် ရှိနေ၏။ ကိုယ့်မှာ ပညာကလည်း စုံသေးတာ မဟုတ်တော့ ခေတ္တခဏမျှ ဆရာ့ထံ ဆည်းပူးချင်သေး၏။ ကြည်ကြည်တော့ ကိုယ့်မှာ ပညာမစုံသေး၊ ဘယ်တော့မှ မစုံသေးဟူ၍ပင် သဘောထား၏။ ဒါမှလည်း မှန်သော သဘောထားမည်ပေမည်။ ဆရာကလည်း သည်အတိုင်းပင် သင်ကြား၏။

“ဆရာကြီးကို တိုင်ပင် ချီပါဦး…၊ ဦးလေးဘိုးရယ်၊ ဆရာကြီးက က, ဆိုရင် မငြင်းပါဘူး…”

“အချိန်က မရှိဘူးဟဲ့…၊ ကဲ… သည်လိုလုပ် ဟုတ်လား…၊ သူတို့ကလည်း အရင်လိုနေတော့ ငါ သူတို့ကို ဆရာ့ဆီ ခေါ်သွားပြီး လက်ခံရမလား မေးမယ်။ ဒါမှ ဆရာကြီးဆီလည်း တစ်ခါတည်း ဆိုင်းပါ စီစဉ်ဖို့ အချိန်ရတာပေါ့ ဟုတ်လား…”

“သဘောပဲလေ… ဦးလေးတိုး ဆရာ့ဆီသာ ခေါ်သွား၊ ဆရာက က, ဆိုရင် ကြည်မငြင်းဘူး၊ က, မယ် ဟုတ်လား…”

ဦးနောက်တိုးသည် အားရဝမ်းသာ အငြိမ့်ငှားလာသူအား ဆရာဦးချစ်ထံသို့ ခေါ်ခဲ့၏။ ဦးချစ်သည် မြန်မာညွှန့်အငြိမ့်သဘင်ကို နန်း

mgyoe.com

mgyoe.com

တော်ရှေ့ ဆရာတင်နှင့်အတူ ထူထောင်ခဲ့သူ ဖြစ်၏။ ရောဝတီ မြစ်ရိုး တစ်လျှောက် မငွေမြိုင်၊ မအောင်ကြည်နှင့် မြန်မာညွှန့်အငြိမ့်ကို သူတို့ နှစ်ယောက်က ဦးစီးကာ ကပြခဲ့ကြ၏။ ဂီတပညာ၌ ရှေ့မှီနောက်မှီ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်လေသည်။ ယခုကား ရန်ကုန်မြို့၌ မထင်မရှား နေရ၏။ သို့သော်ငြားလည်း သူ၏ဂီတပညာကြောင့် တပည့်တပန်း အရှိန်အဝါမှာ မသေးလှပေ။

"လာဘ်ဦးဆိုတာ မပယ်ကောင်းဘူး၊ ကသာ က, ပေတော့ ဟုတ်လား...။ ငါက က,ဖို့ ပြောလိုက်တယ်လို့ ပြောကြားလား။ ပြီးတော့ အိမ်လည်း သီချင်းတိုက်ရအောင် လာခဲ့လို့ ကြည်ကြည်ကို ပြောလိုက်... ဟုတ်လား... နောက်တိုး..။ ရန်ကုန်ဆိုတာ ဒီလိုပွဲမျိုး တိုးရခဲဘိခြင်း၊ နေစမ်းပါဦးကွဲ့... အခုက, ဘယ်မှာလဲ..."

"တံတားကလေး အရှုးထောင်မှာတဲ့ ဆရာကြီးရဲ့..."

"ဟေ... အရှုးထောင်မှာ ဟုတ်လား..."

"ဒီလိုပါ ခင်ဗျာ... အရှုးထောင် ဆိုပေမဲ့ ကျွန်တော်တို့ အလုပ်သမားတွေရဲ့ အောင်ပွဲမှာ ကရမှာပါ၊ အလုပ်သမားတွေက အောင်ပွဲ ဝ,စ်ခု ကျင်းပလို့ ပျော်ပွဲ ရွှင်ပွဲပေါ့ခင်ဗျာ..."

"အေးကွယ်... ဘယ်မှာပဲ ဖြစ်ဖြစ်ပေါ့..."

"ကျွန်တော်တို့ အဲဒီနေ့ကျတော့ ကားလွှတ်ပြီး ခေါ်ပါ့မယ်၊ အခု စရန်လည်း ယူထားပါခင်ဗျား..."

"အေးကွယ်... မောင်ရင်တို့ စိတ်ကြိုက် ဖြစ်စေရမယ်ပေါ့..."

ဤသို့ဖြင့် ငွေတာရီကြည်ကြည်မှာ ဆရာချစ် အမိန့်ကို မပယ် လှန်ဝံ့ဘဲ ကရန် ပြင်ဆင်ရ၏။

နောက်တိုးနဲ့ တွဲရန် ကြည့်မြင်တိုင်မှ ရွှေရိုးကို သွား၍ခေါ်ပြီး အချိတ်အဆက်များ လုပ်ထားရ၏။ ရန်ကုန်ရောက်လာသည်ဆိုတော့

mgyoe.com

ရန်ကုန် အရှိန်အဝါနှင့်အညီ တင့်တယ်အောင်လည်း ပြင်ဆင်ရသေးသည်။ တောမှာကဲ့သို့ ဖြစ်ကတတ်ဆန်း ကျ၍မဖြစ်။ ညောင်ဦးမှာ ဟောင်းနေသော အငြိမ့်၊ လူသုံးမများသော အငြိမ့်သည် ပခုက္ကူ မြင်းခြံ၌ သစ်နေတတ်၏။ ကြည့်ရဖန်များ၍ ရိုးနေစဉ်၊ ဝက်သားဟင်းချည်း စားနေရစဉ်၊ ကြက်သားဆီပြန်လေး စားချင်သော ပရိသတ်အဖို့ ကောင်းကောင်း ပြင်ဆင်ချက်ပြုတ်ကျွေးမှ ခံတွင်း တွေ့ပေမည်။

"အနုပညာသမားဆိုတာကိုယ့်ကိုယ်ကိုယ် ယုံကြည်ရတယ်၊ ဒီတော့ နင် ဘာမှ အားငယ်နေစရာ မလိုဘူး၊ ကိုယ့်မှာ ပညာရှိသားပဲ၊ ကိုယ့်ပညာစွမ်းကို ဗိုလ်ပုံမင်းပရိသတ်အလယ်မှာ ထုတ်ပြတတ်မှပညာရှိပေါ့ဟဲ့။ နင်လို အောက်ခြေကစပြီး ကျွမ်းတဲ့ မင်းသမီး၊ ကကြိုးစုံတဲ့ မင်းသမီး ရှားတယ်။ ခုခေတ်မှာ အငြိမ့်ကကြတယ် ဆိုတာ သီချင်းလေး တစ်ပုဒ်၊ နှစ်ပုဒ်ဆိုပြီး ဖြည်းကြ ညာကြတာပဲ။ ပွဲကြည့်တဲ့ ပရိသတ်ကလည်း အဆင့်အတန်းမမြင့်ဘူး။ အဆင့်အတန်းမမြင့်ဆို အငြိမ့်ကောင်း ကြည့်တတ်တဲ့ ပရိသတ် မဟုတ်ဖူး၊ အရသာ မခံတတ်ဖူး။ ဒီတော့ မင်းသမီး အကကို ပညာကို မလေ့လာနိုင်ဘူး။ ပညာသည်ချင်းသာ နားလည်ကြတာ၊ နင်ဆိုရင် သီချင်းကြီးလည်း ပိုင်တယ်၊ အသံလည်း ကောင်းတယ်၊ က,ကြိုးလည်း စုံတယ်၊ ကိုယ်ဟန်လည်း နွဲ့နှောင်းတယ်၊ ဘာလိုသေးသလဲ၊ ဘာကြောက်စရာရှိသလဲ။ ဟုတ်လား ကြည်ကြည်..."

"ဟုတ်ကဲ့ ဆရာကြီး...၊ ကျွန်မလည်း ကြိုးစားမှာပါပဲ..."

"ကဲ... နင့်မေမေကြီးဆီမှာ သီချင်းတက်၊ ကကြိုးကကွက်တွေ ပြန်ပြီး ကျင့် ဟုတ်လား။ နောက်တိုးတို့ ရွှေရိုးတို့နဲ့လည်း ညှိထား။ ဆိုင်းအတွက်တော့ မပူနဲ့၊ ငါ့ လက်ကျအတိုင်းပဲ၊ ဟိုမှာကခဲ့သလို နင့်စိတ်ကျဖြစ်စေရမယ်။ နင်က ခေါင်းဆောင်တဲ့အခါ ခေါင်းဆောင်၊

mgyoe.com

mgyoe.com


ဆိုင်းက ခေါင်းဆောင်တဲ့ အခါခေါင်းဆောင်သွားမယ်။ အငြိမ့်ဆိုတော့ ဇာတ်ပွဲ ကရတာလို မဟုတ်ပါဘူးဟယ်... တစ်ဘာသာပါ။ နင်ဇာတ်ထဲ ကတောင် ကဖူးသေးတာပဲ..."

"ဟုတ်ကဲ့... ဆရာကြီး..."

"အေး... အရေးကြီးတာက ကိုယ့်ကိုယ်ကိုယ် အားကိုး...၊ ကိုယ့် ပညာကိုယ်ယုံ၊ ပရိသတ်အကဲကို သိပေစေ၊ ဒါဟာလည်း ပညာတစ်ပါး ပဲ။ ပထမဆုံးက, တယ်ဆိုတော့ မခိုနဲ့ မကပ်နဲ့၊ ငါ့ဆီမှာရှိတဲ့ ပညာ တော့ အကုန်ရမယ်။ ကြားလား..."

"စိန်ကြည်အတွက်ရော ဆရာကြီး..."

"အေးလေ... စိန်ကြည်အတွက်လည်း စီစဉ်ပေးရမှာပေါ့...။ နင်က ခေါင်းဆောင် မင်းသမီး၊ စိန်ကြည်က လက်ထောက်၊ စိန်ကြည် ကို အရင်ထွက်စေမယ်။ ကဲ... ကဲ.. ထမင်းစားကြမယ်ဟေ့... လာလေ... မမယ်ရွှေ... ဝိုင်းစားဝိုင်းသောက် ဝိုင်းလုပ်ပဲ... စိတ်ပူမနေ ပါနဲ့ဗျ...၊ ခင်ဗျား သမီးက မခေပါဘူး။ ဟဲ့.. စိန်ကြည် ထမင်းခူး ဟေ့..."

စိန်ကြည်မှာ ဆရာကြီး ဦးချစ်အိမ်သို့ စောစီးစွာ ရောက်နေသော သဘင်ပညာသည်လေး တစ်ယောက်ဖြစ်၏။ စိန်ကြည်၏ သဘင် ဘက်မှာ ငယ်သေးသည် ဆိုရသော်လည်း၊ အလယ်အလတ်တန်းစား အငြိမ့်မင်းသမီးတစ်ယောက်နှင့်ကား ရိုးစွဲလိုက်နိုင်သော သတ္တိရှိ၏။ အထူးသဖြင့် ယိုးဒယား ကကြိုးများကို ပိုင်ပိုင်နိုင်နိုင်၏။ ခေါင်းကို ငိုက်ခနဲဆတ်၍ ချပုံ၊ လက်ကို ကွေးယူပုံ၊ ဆတ်ချပုံ၊ ကိုယ်ကို ခါးမှ ဆတ်ခနဲ လှည့်ပုံတို့မှာ ဒေါ်အောင်ကြည်၏ ခြေရာလက်ရာကို မှီသူ ဖြစ်လေသည်။

"တို့က ယိုးဒယားကကြိုးကိုစုံအောင် အသားပေးပြီး ကမယ်၊

mgyoe.com

ယိုးဒယားတပင်တိုင်ဆိုပြီး ယိုးဒယားနဲ့ တပင်တိုင်ရော ဖြည်းတာတွေ မလိုချင်ဘူး။ အေးလေကွယ်... ငါတော့ သိပ်အားရတာပဲ၊ နင်တို့တတွေ အသက်အရွယ်နဲ့ ရှေ့လျှောက် နာမည်တက်ဦးမှာတွေ မြင်ယောင်သေးတယ်..."

ဆရာ ဦးချစ်မှာ ပီတိဖြစ်၍နေ၏။ သူပီတိဖြစ်ခြင်းမှာ သူ့အတွက် မဟုတ်ပေ။ သူ၏ ကျောထောက်နောက်ခံ တပည့်တပန်းများအတွက် ပီတိဖြစ်ခြင်းသာ ဖြစ်၏။ အသက်အရွယ်ကြီးရင့်သည်နှင့်အမျှ သူသည် လောကဓံတရားကို ရင်ဆိုင်ခဲ့ရပြီ။ အဆင်းနှင့်အတက်ကိုလည်း တွေ့ခဲ့ရပြီ။ တစ်ခါကမူ သူသည် လျှမ်းလျှမ်းတောက် အောင်မြင်သော အနုပညာသည်တစ်ယောက် ဖြစ်ခဲ့၏။ သူ၏မိန်းမ မအောင်ကြည်သည်လည်း သူ့နည်းတူပင် အောင်မြင်သော အနုပညာသည် တစ်ယောက်ဖြစ်ခဲ့လေသည်။ သို့သော် အနုပညာသည် တစ်ယောက်၏ အောင်မြင်ခြင်းသည် ငွေကြေးချိန်သီးဖြင့် တိုင်းတာ၍ မရသဖြင့် ယခု သူတို့၏ဘဝကို လောကတွင် အောင်မြင်သော လူတစ်ယောက်၏ ဘဝမျိုးအဖြစ် မတွေ့မြင်ရ။

သူသည် ရှေ့မီနောက်မီ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ခဲ့၏။ ကွယ်လွန်သူ ရွာစားကြီးစိန်ဗေဒါနှင့် လက်ပွန်းတတီးနေခဲ့ရသူဖြစ်၏။ စောင်းဆရာကြီး ဣန္ဒာဒေဝ၏ လက်ကျလက်နကို ရခဲ့သူဖြစ်၏။ ယခုမူ သူ့မှာရှိသော ပညာတို့ကို သားစဉ်မြေးဆက် ကျန်ရစ်တည်တံ့နိုင်ရန်သာ သူစိတ်စောမိသည်။

ကြည်ကြည်မှာ အစွမ်းအစရှိ၍ သူတို့မွေးမြူ မြေတောင်မြှောက်ခဲ့သော အနုပညာသည်ကလေး တစ်ဦးဖြစ်၏။ ကြည်ကြည်ကို မြေတောင်မြှောက်ပေးရင်း သူ့မှာရှိသော ပညာကို ခွဲဝေပေး၏။ သူ့မှာရှိသော ပညာနှင့် လူထုအား အသုံးတော်ခံစေ၏။

mgyoe.com

mgyoe.com

အမှန်စင်စစ် အနုပညာသည်သည် ခေတ်ကို ရှေ့ဆောင်ရပေမည်။ အနုပညာဆိုသည်မှာ လူထုထဲက ပေါက်ဖွားလာခြင်းဖြစ်သည် မဟုတ်လား။ အနုပညာသည်တစ်ဦးက ပေါက်ဖွားလာသည့် မဟုတ်။ ခေတ်ကို ရှေ့ဆောင်ရှေ့ရွက်ပြုရာ၌ အနုပညာသည်၏ စွမ်းအားသည် ထက်မြက်ကြောင်း တွေ့ခဲ့ရ၏။ တစ်ခါက သူနှင့် တွဲဖက်ခဲ့သော နန်းတော်ရှေ့ ဆရာတင်သည်ခေတ်ကို ရှေ့ဆောင်ဖူးသည်ကို အမှတ်ရမိ၏။

"တို့တတွေဟာ ဒီလို သတ္တိရှိရမယ်၊ တို့တစ်ခေတ်ကို ရှေ့ဆောင်နိုင်ရမယ်ဆိုတဲ့ ယုံကြည်မှုရှိရမယ်။ တစ်ခါက နန်းတော် ရှေ့ဆရာတင်ဟာ သီချင်းတစ်ပုဒ်စပ်ဖူးတယ်။ အဲဒီတုန်းက တိုင်းပြည်ကလည်း ဆူပွက်နေတဲ့ အချိန်၊ ဆရာစံ သူပုန်ထနေတဲ့ အချိန်ပေါ့ကွဲ့၊ နန်းတော်ရှေ့ ဆရာတင်က ဗန္ဓုလသီချင်းကို စပ်ပြီး သူကိုယ်တိုင်ဆိုတယ်။ အမှတ်ရသေးတယ်ကွယ်… ရန်ကုန်မှာပဲပေါ့။ အခု ဗိုလ်ချုပ်လမ်းနဲ့ ဘားလမ်းထောင့်က အငြိမ့်စင်မှာ ဆရာတင်က သူကိုယ်တိုင် ဗန္ဓုလ အဝတ်အစားဝတ်ပြီး သူကိုယ်တိုင်စပ်တဲ့ ဗန္ဓုလသီချင်းကို ဆိုတယ်။ လူတွေကလည်း ဇာတိသွေး ဇာတိမာန် တက်ကြွနေချိန်၊ အင်္ဂလိပ် အစိုးရက အပြင်းအထန် ဖိနှိပ်နေတဲ့အချိန်ဆိုတော့ ဒီသီချင်းဟာ တော်တော် ဟပ်မိတယ်။ ဒါနဲ့ ရန်ကုန် ပုလိပ်မင်းကြီးက ဒီသီချင်းကို ပိတ်ပစ်လိုက်ရတယ်။ စာသားကလည်း တော်တော်ကောင်းတယ်ကွဲ့…၊ ဆရာတင်က ဟန်နဲ့ အမူအရာနဲ့ ဓားကိုဝင့်ပြီး 'ဗမာတွေ ကောင်းစားဖို့ အချိန်တော်ပြီ၊ တစခန်းထတော့မယ်၊ အားမလျှော့ကြနဲ့' ဆိုတဲ့ စာသားကို ဆိုတာကိုးကွဲ့…။ တို့များ ကြက်သီးတဖြန်းဖြန်း ထလာတာပဲ…"

နောက်တိုးနှင့် ရွှေရိုးတို့မှာ နန်းတော်ရှေ့ ဆရာတင်၏ခေတ်ကို

mgyoe.com

mgyoe.com

မှန်းမျှော်ကြည့်မိလေသည်။ "တို့လည်း နန်းတော်ရှေ့ ဆရာတင်လို ခေတ်ကို ရှေ့ဆောင်တဲ့ အနုပညာသည် ဖြစ်ရမယ်..." ဟူ၍လည်း စိတ်၌ ကြုံးဝါးမိကြ၏။

ကြည်ကြည်ကမူ ဘာမျှ ပြန်မပြောဘဲ ငြိမ်သက်စွာပင် နားထောင်နေ၏။ သူ၏ပညာဘက်မှာ နုသေးသည်။ သူသည် ဆရာသမား၏ အရိပ်အာဝါသကို ခိုလှုံကာကြီးပွားရမည့် ပညာသည် တစ်ယောက်ဖြစ်၏။ ဆရာသမားက ချီးမြှောက်လျှင် ချီးမြှောက်သလို ကောင်းစား၍ ဆရာသမားက နေရာမပေးလျှင် အစွမ်းအစ ထွက်ရန် မရှိပေ။ အကြောင်းမှာ မိမိ၏ပညာသက်နှင့် လောက အတွေ့အကြုံသည် နုနယ်သေးသည်ဟု သူ့ကိုယ်သူ တွက်မိပြီးဖြစ်၏။

ဆရာဦးချစ်သည် ကြည်ကြည်နှင့် စိန်ကြည်အား ကြည့်မြင်တိုင် တစ်နေရာတွင် က, နေသော ရန်ကုန်အငြိမ့်တစ်ခုအား ကြည့်စေ၏။ ရန်ကုန် ပွဲကြည့်ပရိသတ်နှင့် အငြိမ့်တို့၏အကကို ခတ်စေ၏။ လူပြက် နောက်တိုးအားလည်း ခေတ်နှင့် ဆီလျော်သော စကားများ သင်ကြားပေးရ၏။

ရန်ကုန်အငြိမ့်များ၏ ဟိတ်ဟန်ထုတ်ပုံတို့ကိုလည်း ကြည်ကြည် ကျက်မှတ်မိပြီး ပခုက္ကူ ညောင်ဦးတုန်းကဆိုလျှင် တစ်ခါတစ်ရံ လူပြက်မရှိလျှင် ကိုဟန်တင်၊ ကို-- စသော အရပ်သားများနှင့် ပြီးခဲ့သည့် ဘဝ၊ တစ်ခါတစ်ရံ ထဘီထည်လည်းမရှိဘဲ တစ်ထည်တည်းနှင့် ပြီးခဲ့ရသော ဘဝတို့ကို ပြန်လှန်စဉ်းစားမိ၏။ ထဘီတစ်ထည်ဆိုရင် စကသည်မှ ပြီးသည်အထိ၊ သည်ထဘီတစ်ထည်း ဝတ်လေ့ရှိ၏။ ယခုမူ သူမြင်တွေ့ရသော အငြိမ့်မင်းသမီးတို့မှာ ထဘီအမျိုးမျိုးလဲကာ ဇာတ်ကြီးများသဖွယ် ကကြ၏။ ရှိုးရှိုးဇာတ်ခုံတွင် လိုက်ကာတစ်ခုကို နောက်နား၌ ကာကာ လိုက်ကာဘေးမှ မင်းသမီးသည် ထွက်လာ၏။

mgyoe.com

mgyoe.com

တောမှာတော့ အငြိမ့်စင်ကို ပရိသတ်ဟာလာဟင်းလင်း မြင်နေရ၏။

"ဟော.... မင်းသမီး သနပ်ခါး လိမ်းနေပြီ"

"ဟော... မင်း သမီး ထဘီလဲနေပြီ..." စသည်ပရိသတ်က မြင်ရ၏။ ပြီးတော့ ရန်ကုန်ရောက်စက အနောက်ပိုင်း၌ မြင်ရသော အငြိမ့်တစ်ခုကို အမှတ်ရသည်။ ရန်ကုန်တွင် ပြဇာတ်ခေတ်စားနေ၍ အငြိမ့်မင်းသမီးနှင့် လူပြက်တို့ တွဲဖက်ကာ ပြဇာတ်လေးသဖွယ် ထွက်ရ၏။ သူတို့တောတွင်ကား ကကြိုးသက်သက်နှင့် သီချင်းဆိုကာသာ က၏။ ဤနည်းဖြင့် ပြဇာတ်မကြည့်နိုင်သော ပရိသတ်အား ပြဇာတ်ကို လေးဖြင့် အားဖြည့်ပေး၏။ အငြိမ့်များ ယောက်ယက်ခတ်မျှ ပေါများ သည့် ရန်ကုန်ရွှေမြို့တော်တွင် သည်လို လုပ်ပေးနိုင်မှ ပရိသတ်ကြိုက် ကာ နာမည်ထွက်မည်၊ ငွေဝင်လမ်း ရှိပေမည်။

ဤသို့ အစစ ပြင်ဆင်ကာ ကြည်ကြည်သည် အငြိမ့်ကရမည့် ရက်ကို စောင့်စားနေခဲ့ရသည်။ သို့နှင့် အငြိမ့်ကရမည့်နေ့သို့ ရောက်လာ ခဲ့၏။

သူတို့တစ်သိုက်သည် ပျော်ပျော်ပါးပါးပင် အကြိုလာသော ကားပက်လက်ကြီးဖြင့် တံတားကလေး လိုက်ခဲ့ကြ၏။

"အဲဒီစင်မှာ က, ရမယ်..."

တစ်ယောက်သော တာဝန်ခံပုဂ္ဂိုလ်နှင့်တူသူက အငြိမ့်က, ရမည့်စင်ကို ညွှန်ပြ၏။

ကောင်းလိုက်တဲ့ အငြိမ့်စင်ဟူ၍ ကြည်ကြည်သည် စိတ်ထဲမှာ မှတ်ချက်ချမိ၏။ သူတို့က, ရမည့်နေရာမှာ ခန်းမကြီးတစ်ခု၌ ဖြစ် ၏။ ခန်းမကြီးမှာ အစည်းအဝေးခန်းမကြီးလည်းဖြစ်၍ ပွဲကသည့် ခန်းမကြီးလည်း ဖြစ်၏။ ကြည်ကြည်သည် ဤကဲ့သို့သော နေရာဌာန မျိုး၌ တစ်ခါမျှ မကဖူးခဲ့ပေ။ မီးများ တထိန်ထိန်လင်းနေသည့် ကပွဲ

mgyoe.com

mgyoe.com


ခန်းမ၏အရှိန်အဝါမြင်ရလျှင် ကြည်ကြည်၏ရင်တွင်း၌ တစ်မျိုးခံစားမိလေသည်။ ကြောက်သည်ဟုပင် ဆိုရမည်လား၊ မခွဲခြားတတ်ပေ။

ဆိုင်းဆရာတို့သည် ဇာတ်ခုံ၏တစ်နေရာ၌ ပြင်ဆင်နေကြပြီ။ ပွဲကြည့်ပရိသတ်မှာ မရောက်ကြသေး။ အငြိမ့်ကို အုပ်ချုပ်သူ ဦးချစ်သည် စိန်ကြည်နှင့် ကြည်ကြည်အား ဘယ်သို့ က,ရမည်၊ ဘယ်သီချင်းဆိုရမည်တို့ကို မှာကြားနေ၏။

"ကဲ... ကဲ... ဖြိုးကြ လိမ်းကြ...၊ ငါဆိုင်းဆီကို သွားလိုက်ဦးမယ်..."

ကြည်ကြည်ကို သူ့အမေ ဒေါ်မိက ပြင်ဆင်ပေး၏။ ဒေါ်မိသည် အငြိမ့်မင်းသမီး၏ အမေ ပီသ၏။ အငြိမ့်မင်းသမီး၏အမေလုပ်သူမှာ သမီးသွားလေရာ နောက်မှ တကောက်ကောက်လိုက်နိုင်သော သတ္တိရှိရ၏။ သို့မှလည်း မင်းသမီး၏ဂုဏ်သရေကို ဆယ်ရမည်ပေမည်။ သူတို့လို အနုပညာသည်များသည် နာမည်တစ်လုံးနှင့်ပရိယေသနဝမ်းစာကို ရှာမှီးရသူများ ဖြစ်၏။ ဒီမင်းသမီးအပျက်ပါဟုအရပ်က ပြောကြလျှင် နာမည်ပျက်ပြီး လာဘ်တိတ်ပေမည်။ ထိန်းနိုင်သိမ်းနိုင်မှ တော်ရုံသာရှိသော ခေတ်ကာလတွင် အမေမိသည် ကြည်ကြည်၏ နောက်တော်ပါးမှ အစဉ်အမြဲတော် ထမ်းရ၏။ တစ်ခါတစ်ရံအမေမိသည် သရမ်းသော လူပြက်နှင့် ဖက်၍ ရန်ဖြစ်၏။ သည်အခါကြည်ကြည်က အမေမိကို တစ်ခါပြန်၍ ထိန်းရ၏။

"မန်းလေတောင်လက်ျာ... ဘုန်းလေနေလ နှုန်း နေတေဇာ... ဝင်းထိန်လို့ပါ... များစွာ ဗိုလ်ခြေဝေနေပေါင်း..."

ဆိုင်းသည် အစပျိုးရန်၊ ကရောင်းရိုက်နေလေပြီ။

"ဟဲ့... မြန်မြန်လုပ်ကြ... အချိန်နီးပြီ..."

"လူစုံပြီလား ဆရာ..."

mgyoe.com

mgyoe.com


"လူတွေတော့ မစုံသေးဘူး... တချို့တလေ ရောက်ကုန်ကြပြီ..."

ကြည်ကြည်သည် ဇာတ်ခုံပေါ်မှ ပရိသတ်ရှိရာသို့ ခေါင်းပြူ၍ ကြည့်၏။ ရှေ့ပိုင်းခုံများ သုံးတန်းခန့် လူပြည့်နေ၏။ ခေါင်းပေါင်းစ၊ တထောင်ထောင်နှင့် ပုဂ္ဂိုလ်များကိုလည်း မြင်ရ၏။ ဘောင်းဘီဝတ်ကာ လည်စည်း တပ်ထားသော ဗိုလ်များလည်း မြင်ရ၏။ သို့သော် အသား တော့ မဖြူပေ။

မကြာမီ တံခါးပေါက်များမှ ပရိသတ်များ ဝင်လာကြသည်။

"ဟော ဟော... လာကြပြီ..."

ဝင်လာကြသူများမှာ မိန်းမတစ်ယောက်မျှ မပါ။ ယောကျ်ား ချည်းသာ ဖြစ်၏။ သူတို့သည် ပြူးကြောင်ကြောင်မျက်လုံးများဖြင့် အရပ်ရှစ်မျက်နှာကို ကြည့်ကာ ဝင်လာကြ၏။ တဟားဟား ရယ်သည့် သူကလည်း ရယ်လာသည်။

ကြည်ကြည်သည် မိမိအသုံးတော်ခံရမည့် ပရိသတ်၏ဇာတ် ကြောကို မသိပေ။ ကြည်ကြည်သာ မဟုတ်၊ ဆရာဦးချစ်နှင့် အဖွဲ့ အားလုံးလည်း မသိခဲ့ပေ။ မကြာမီ ဆရာဦးချစ်သည် ပျာယီးပျာယာ နှင့် ဇာတ်ခုံအောက် ပရိသတ်ရှေ့ပိုင်းသို့ ဆင်းသွားသည်ကို တွေ့ရလေ သည်။ ရှေ့နားတွင် ထိုင်နေသော ခေါင်းတုံးပြောင်ပြောင် ဘောင်းဘီ ဝတ်ကုလားတစ်ယောက်နှင့် ပြောဆိုနေကြသည်ကို မြင်ရ၏။ ကုလား ကြီးက လက်ဟန်ခြေဟန်ပြကာ ပရိသတ်နောက်ဘက်သို့ ညွှန်ပြ၍ ပြောဆိုနေသည်ကိုလည်း မြင်ရ၏။

မကြာမီ ဆရာဦးချစ် ဇာတ်ခုံပေါ်သို့ ပြန်တက်လာပြီး နောက်တိုး နှင့် ရွှေရိုးထံသို့ သွားကာ စကားပြောနေသည်ကို ကြည်ကြည်မြင်ရ၏။

သို့နှင့် ပရိသတ်စုံကာ အငြိမ့်စလေသည်။ အစီအစဉ်အတိုင်း လက်ထောက် မင်းသမီး စိန်စိန်ကြည်ခေါ် စိန်ကြည်က အရင်က,ရမည်

mgyoe.com

mgyoe.com


ဖြစ်ပြီး၊ ငွေတာရီကြည်ကြည်က နောက်မှ ကရမည်ဖြစ်လေသည်။

"ကုန်းမြေပြင်မှာ၊ ယမုန်းပင် ဆတ်သွားဖူးတွေနဲ့၊ ထပ်လူးကာ တောင်လေသုတ်ပြန်တော့... သမုဒ္ဒ ဒီဝန်ရေလာရှော့ထင်ရဲ့... ဘုတ်မြည်သံတွေကြား... ဘုတ်မြည်သံတွေ ကြား...၊ ၊ ဆူဆူငယ်ညံ..."

"ဒီဘက်က ကိုနောက်တိုး မှတ်တယ်ဗျား..."

"ဟုတ်ပ... ကိုရွှေရိုးတို့..."

လူပြက် ကိုရွှေရိုးသည် ခွန်းတောက်ဆိုကာ ခေါင်းပေါင်းစ တထောင်ထောင် ပုဆိုးကွက်ကျားကြီးနှင့် ထွက်လာ၏။

ပရိသတ်ဘက်မှ 'ခစ်ခစ်...' ဟူသော ရယ်သံတို့ကို ကြားရလေသည်။

"တာဝန်ရောက်လာတော့ မခိုသာ မကပ်သာဘဲ အမှုတော်ထမ်းရသဗျ..."

ဖြောင်း... ဖြောင်း... ဖြောင်း... ပရိသတ်ဘက်မှ လက်ခုပ်တီးသံများကိုပါ ကြားရပြန်လေသည်။

ရှေ့ပိုင်းမှ ဘောင်းဘီဝတ် ပရိသတ်သည် လှုပ်လှုပ်ရွရွဖြစ်ကာ နောက်လှည့်ကြည့်လေသည်။

ရွှေရိုးသည် နောက်တိုးအား မျက်စိတစ်ဖက် မှိတ်ပြကာ...

"ကဲကဲ... တာဝန်ကျရောက်လာတော့ အမှုတော်ထမ်းရဦးမယ်၊ ကလေးမကို ခေါ်မှ၊ ကဲ – မင်းခေါ်ကွယ်"

"ခါးရင်စ၊ ငါးပဥ္စညီ၊ ပဒုမ္မဏီသိင်္ဂီလိုလှပါတဲ့၊ အိုဗျ... စိန်စိန်ကြည်လေး..."

လက်ထောက် မင်းသမီး စိန်စိန်ကြည်သည် ပရိသတ်ကို ကျောပေး၍ ကျုံ့ကျုံ့ထိုင်နေရာမှ ပရိသတ်ဘက်သို့ လှည့်ကာ ကန်တော့ပြီး ယိုးဒယား ကန်တော့ခန်းကကွက်နှင့် ညက်ညက်ညောညောက လေ

mgyoe.com

mgyoe.com


၏။

"သာဓု... သာဓု..."

ပရိသတ်ဘက်မှ သာဓုခေါ်သံများကို ကြားရလေသည်။

ကြည်ကြည်သည် ဖြီးလိမ်းပြင်ဆင်နေရာ ပရိသတ်ဘက်မှ ထွက်လာသော သာဓုခေါ်သံကြောင့် အနည်းငယ် တုန်လှုပ်သွား၏။ အငြိမ့်ကခဲ့သည်မှာ ကြာလေပြီ၊ သို့သော်လည်း ဤသို့ပွဲဦးထွက်လာလာခြင်းပင် ဆောက်နှင့်ထွင်းသော ပရိသတ်မျိုးတွေ့ကြုံခဲ ရှိခဲ့၏။ တစ်ခါက သူတို့မြို့ရှိ လူကြီးလူကောင်းများ စုဝေးရာ မြို့မကလပ်၌ ကစဉ် ဝရန်းသုန်းကားဖြစ်ခဲ့ရဖူးသည်ကို အမှတ်ရမိသည်။ သည်တုန်းကမူ မြို့မိမြို့ဖဟု ခေါ်စမှတ်ပြုကြသူ လူကြီးလူကောင်းများ သောက်ပွဲကျင်းပကာ ရမ်းကားသည်မို့ စိတ်မကောင်းဖြစ်ခဲ့ရုံမျှသာ တတ်နိုင်၏။ သူတို့၏အရိပ်အာဝါသကို ခိုလှုံရသည်ဖြစ်၍ ငြူစူခြင်းပြုရန် မကောင်းပါပေ။ ယခု သည်လိုပွဲမျိုး ကြုံတွေ့နေရပြန်ပြီလားဟု စိတ်ထင့်မိလေသည်။

"မကောင်းဘူး... သည်အလုပ် လုပ်စားရတာ မကောင်းဘူး၊ တို့ကို အပျင်းပြေဖို့လောက်ကြည့်ရင် တော်သေးတယ်။ ခုလို စော်ကားဖို့ဆိုရင် မကောင်းဘူး"ဟု စိတ်မှာ ရေရွတ်မိလေသည်။ သို့ပေမဲ့ တစ်ခါက ဘဘကြီး ဦးချစ်ပြောဆို ဆုံးမခဲ့သော စကားကို ပြန်လည် သတိရမိပြန်သည်။

"တို့ဟာ သဘင်သည် အနုပညာသမား၊ ဒီတော့ တို့တစ်တွေရဲ့ စိတ်ကူးဟာ အင်မတန် သိမ်မွေ့တယ် သိမ်မွေ့တာနဲ့အညီ တို့ဟာ သည်းခံနိုင်တဲ့ အရည်အချင်းရှိရမယ်။ တို့ရဲ့ ကကြိုးဟာ အနုပညာကို မခံစားတတ်တဲ့ လူတွေအဖို့မှာ ကြည့်၍ သဘောမပေါက်နိုင်ဘူး။ တို့ရဲ့ အသံဟာလည်း နားမှာ နားဝင်ချိုချင်တဲ့အခါမှ ချိုမယ်။ ဒါပေမဲ့

mgyoe.com

သည်းခံပြီး သူတို့သဘောပေါက်နိုင်အောင် ပေါက်လာသည်အထိ တို့တစ်တွေက ကပြနိုင်တဲ့ သတ္တိရှိရမယ်၊ ဆိုပြနိုင်တဲ့ သတ္တိရှိ ရမယ်..."

ဤသို့ စဉ်းစားဆင်ခြင်မိပြန်သောအခါ မိမိ၏ဘဝကိုပင် မုန်းတီးမိသကဲ့သို့ ဖြစ်လာလေသည်။

ရွှေရိုးနှင့်နောက်တိုးက ဘယ်သို့ ပြက်လုံးထုတ်လိုက်သည် မသိ၊ တဟားဟား အဆက်မပြတ် ရယ်ကြသော ပရိသတ်၏အသံကို ကြားမှ သတိရကာ ကြည်ကြည်သည် ထိုးထောင်ထွက်နေသော ဆံပင်သိမ်းရင်း ဇာတ်စင်မျက်နှာပြင်သို့ မော့ကြည့်မိ၏။ ပရိသတ်မှာ အရှိန်သတ်၍ မရပေ။ စိန်ကြည်သည် ညက်ညောစွာ သီချင်းတစ်ပုဒ်ကို သီဆိုနေ၏။

"ညကျရင်လာမယ်ဆို အဟုတ်တကယ်လား ကိုကို ဆိုင်းက နရီအမြန်နှင့် ဝါးလက်ရိုက်ပေးရာ စိန်ကြည်သည် ခုန်ပျံလွှားကာ ငှက်မလေးအသွင် က, နေသည်"

"ကျွန်မ ရည်းစားက ဒီနေ့ည လာမယ် ပြောတယ် ဦးလေး ကိုရွှေရိုးရဲ့..."

"သူ ပွဲခင်းထဲမှာပေါ့ ဟဲ့..."

"ဟုတ်တယ်ရှင့်... ဒီလိုမျှော်ရတာ ရက်သာညောင်းခဲ့ပြီ၊ သူ့မမြင်ရသေးဘူး။ ဒါကြောင့် စိန်ကြည်က တကယ်မလာရင်တော့ စိတ်ဆိုးရလိမ့်မယ်။ နောက်ဘဝထိအောင် ဆက်မျှော်ရဦးမှာလား၊ နတ်သိကြားတွေကို တိုင်တည်ပါတယ် ဆိုတဲ့အကြောင်း..."

သည်အခါ နောက်တိုးက မင်းသမီး ရည်းစား ဇာတ်ခုံတစ်ဖက်မှ လျှောက်လာ၏။

ရွှေရိုးက နောက်တိုးအား မင်းသမီး ရည်းစား မဟုတ်ဘဲ အိမ်မှ ခိုင်းသူအဖြစ် ပြက်လုံးထုတ်လိုက်ပြီးနောက် သူက မင်းသမီး၏

mgyoe.com

mgyoe.com

ရည်းစား နေရာဝင်ယူသည်အခါ ပရိသတ်သည် မှင်သေသေနှင့်သာ ကြည့်နေကြ၏။ ပရိသတ်ဘက်မှ ရယ်သံတစ်ချက်မှ ထွက်မလာချေ။

"ကျွန်မရည်းစားက ကောလိပ်ကျောင်းသားရှင့်..." ဟု ကောလိပ်ကျောင်း၌ ကသည့်အခါ စိန်ကြည်တို့ ကြာပစ်လေ့ရှိပြီး မင်းပွဲ စိုးပွဲကသည့်အခါ "ကျွန်မရည်းစားက ဝန်ထောက်ကလေးနှင့်..." ဟူသော ထုံးစံအတိုင်း ယခုလည်း မင်းပွဲစိုးပွဲဟု အသိအမှတ်ပြုရင်း "ကျွန်မ ရည်းစားက ဝန်ထောက်မင်းရှင့်..." ဟု ထေ့လိုက်ရ၏။ သည်အခါ ပရိသတ်ဘက်မှ ဆူသံကြီးထွက်လာပြန်လေသည်။ ဆူညံခြင်းမှာ တော်တော်နှင့် မစဲတော့ပေ။

သို့နှင့် ပရိသတ်ကို အကဲခတ်ရင်း ကြည်ကြည်သည် အလှည့်ကျ တာဝန်ထမ်းရမည့်အခါသို့ ရောက်လေသည်။ စိတ်ထဲမှာမူ နက်ဖြန် သတင်းစာများ၌ ဘယ်မင်းပွဲစိုးပွဲတွင် ငွေတာရီကြည်ကြည်၏ အငြိမ့်ဖြင့် ဖျော်ဖြေကြောင်းဟူသော စာလုံးများကို စိတ်ကူးဖြင့် မှန်း၍ မြင်နေ၏။ သည်လို မြင်အောင်လည်း အားတင်းကာ ကြိုးစားရလေသည်။ သည့်နောက် နောက်ဆက်တွဲများကား ကောလိပ်ကျောင်း၌ အငြိမ့်ကရမည့်အဖြစ်၊ ကောလိပ်ကျောင်းမှ ကောလိပ် ကြည်ကြည် နာမည်ရလာမည့် အဖြစ်၊ တစ်ဖန် ရွှေတွဲလွဲ – ငွေတွဲလွဲနှင့် အိမ်ခန်းကောင်းကောင်း၊ ဆိုင်းဘုတ်ပြောင်ပြောင်လက်လက်တို့ ဆက်တိုက် စိတ်ကူးတွင် ပေါ်လာသည်။

"အငြိမ့် မင်းသမီးများ ရည်းစားထားတဲ့... လူဆိုတာမျိုးနော်.. သဘောရိုးနဲ့ ကြည့်ပါဦးတော့ သခင်ရယ်...၊ မီးရောင်အောက်ကို ဝင်ရင်... လူပြက်တွေ ပြောတော့... သူသဘောကပင် မချိုမချဉ်။ သြော်... မြရင်... မြရင်... ချစ်ကြပေသရှင်...၊ ပြေတခွင်... သူ့အချစ်မျိုးဟာ... ဘယ်အချိုးအစားလဲ တကယ်... အားမရနိုင်စရာအောင်ပင် အပိုင်တော်

mgyoe.com

mgyoe.com


ကြဲလိုက် သခင်... တိုင်ပေါ်အလံစိုက်ချင်..."

ရွှေရိုးနှင့် နောက်တိုးက လေဘာတီမြရင်၏ခေတ်ကို နိဒါန်းပျိုးပေး၏။

ဤသီချင်းမှာ ယခုခေတ်တွင် ဆိုသံ မကြားရတော့ပြီဖြစ်သော သီချင်းဖြစ်၏။ သို့သော်လည်း စစ်မဖြစ်မီ ခေတ်ကမူ လူတိုင်း၏ ပါးစပ်များ၌ ပျံ့ဝဲနေသော လေဘာတီမြရင် သီဆိုသည့်သီချင်းဖြစ်ပေသည်။ ဆရာဦးချစ်က သီချင်းကို ပြန်၍ ဖော်ပေးရန် သညာပေး၍ ကြည်ကြည်မှာ ဆိုရ၏။ လေဘာတီမြရင်၏ခေတ်သည် ယခု တိမ်မြုပ်ခဲ့ပေပြီ။

ကြည်ကြည်သည် သီချင်းတစ်ပိုဒ်ဆိုပြီး၍ ကပြန်၏။ ကရင်း ပရိသတ်ဘက်ကို မျက်နှာပေးရသည့်အခါ မျက်ခုံးချီ၏။ မျက်လုံးအစုံကို ရီရီလုပ်၍ ရစ်ဝိုင်းပြရ၏။ ကကြိုးဆုံး၍ ဆတ်ကနဲ ပြုံးထေ့ထေ့ မျက်နှာပေးဆိုင်းချက်အတိုင်း ထိုင်လိုက်လျှင် နောက်ပိုင်း ပရိသတ်ဘက်မှ ဟာစ်အော်၍ ရယ်ကာ ဆူညံစွာ သြဘာပေးသံများ၊ လက်ခုပ်သံများကို ကြားရလေသည်။

ရွှေရိုးနှင့် နောက်တိုးက သူတို့အလှည့်ကျပြီဖြစ်၍ ပြက်လုံးထုတ်ရပြန်၏။ ကြည်ကြည်သည် ၎င်းတို့ ပြက်လုံးထုတ်နေစဉ် ဆရာဦးချစ်ကို ဇာတ်စင်ပေါ်မှာ အနှံ့ရှာဖွေကြည့်မိလေသည်။ သို့သော် မတွေ့ရပေ။

ကြည်ကြည်၏ ယိုးဒယား ကကြိုးကို ကြည့်လိုပါသည်ဟု ရှေ့ပိုင်းပရိသတ်က တောင်းပန်သောကြောင့် ပန်းမြိုင်လယ် ယိုးဒယား တေးသွားဖြင့် ကပြရ၏။ ကြည်ကြည်၏ကကြိုးမှာ ညက်ညောာ၏။ လက်ယှူ လက်သိမ်းပုံ၊ ခေါင်းဆတ်ပုံ၊ ငဲ့ပုံ၊ ခါးကိုဆက်၍ လှည့်ပုံတို့မှာ မြန်မာအနုပညာမှုကို ဖော်ပေးနေဘိအလား ကြည့်ရသူအပေါင်း

mgyoe.com

mgyoe.com


သဘောတွေ့စေသည်။ ကျ၍ပြီးလျှင် ရွှေရိုးက ပန်းမြိုင်လယ် ယိုးဒယားသီချင်း၏ ဇာတ်ကြောင်းကို အာဝဇ္ဇန်းရွှင်ရွှင်ဖြင့် ပြောပြလေသည်။ သည်အခါ နောက်ပိုင်းပရိသတ်မှ တဝါးဝါးရယ်ကြပြန်လေသည်။ ရှေ့ပိုင်းမှ ဘောင်းဘီဝတ် ပရိသတ်တို့ကမူ နောက်သို့ ဣန္ဒြေမပျက် အသာအယာလှည့်ကြည့်ပြီး ရှေ့သို့ပြန်၍ လှည့်မြဲလှည့်နေ၏။

ကြည်ကြည်မှာ ပရိသတ်အကဲကို မရသည်နှင့် နောက်တိုးအား မျက်ရိပ်ပြကာ တိုးတိုးခေါ်၍ "မူးနေကြသလား" ဟု မေးရ၏။

"အို... က,မှာသာ က, ပါဟယ်...၊ သူတို့က ဒီလိုပါပဲတဲ့...၊ မမူးပါဘူးလို့ ဆရာချစ်က ပြောပါတယ်..."

"အင်းလေ ဒါဖြင့်လည်း ကောင်းပါရဲ့ ဦးလေးတိုးရယ်..."

ကြည်ကြည်သည် အလှည့်ကျတာဝန်ကို ထမ်းရွက်ရပြန်လေသည်။ သည်တစ်ခါတွင်မူ ခုနစ်ထွေကကို စုံအောင် က,လိုက်၏။ ဟော ခက်ပါပြီ။

ကြည်ကြည်က, နေစဉ်မှာပင် နောက်ပိုင်း ပရိသတ်သည် ရုန်းရင်းဆန်ခတ်ဖြစ်ကာ ဆူကြ အော်ကြပြီး ငိုကြလေသည်။ သူတို့တစ်တွေသည် ယောက်ျားရင့်မာကြီးများ ဖြစ်လျက်နှင့် ရှိုက်ကာ ငင်ကာ အားရပါးရ ငိုကြ၏။ ငိုသည်မှာလည်း တစ်ယောက်ထိုးတည်း ဖောက်၍ ငိုသည်မဟုတ်။ အားလုံးလိုလိုပင် အသံထွက်ကာ ငိုကြလေသည်။ ကြည်ကြည်သည် ထိတ်ထိတ်ပျာပျာဖြစ်ကာ အက ရပ်လိုက်ပြီး ရင်ခုန်လာသည်နှင့် ထိုင်လိုက်၏။ ဆရာချစ်သည် ပျာပျာသလဲ ဖြစ်ကာ ဇာတ်ခုံပေါ်သို့ ပြေးတက်လာ၏။ ကြည်ကြည်မှာ မျက်နှာပျက်နေလေသည်။ သို့စဉ်မှာပင် ပရိသတ်ရှေ့ပိုင်းမှ ထိုင်နေသော ပုဂ္ဂိုလ်ကြီးခံ့ခံ့တစ်ယောက် ဇာတ်စင်ပေါ်သို့ အပြေးတက်လာပြန်လေသည်။

"ဟဲ့... ဟဲ့ ကလေးမ ဘာဖြစ်သွားသလဲ"

mgyoe.com

mgyoe.com

"ဘာမှ မဖြစ်ပါဘူး ဦးလေး... တော်ပြီ ကျွန်မ မကချင်တော့ဘူး..."

"ပြီးအောင်တော့ က,လိုက်ပါဦးလား ကလေးမရယ်... ဘာမှ မဖြစ်ရင်လဲ..."

"မဟုတ်ဘူးရှင့်... ကျွန်မခေါင်းမှာ မူးနောက်နောက် ဖြစ်လာတယ်၊ ရင်လည်း ခုန်နေပြီ ဆရာကြီး...။ ကြည်ကြည်မကတော့ဘူးနော်... ဆရာကြီး..."

အမေမိကမူ ဘာမျှမသိ၊ ယောင်တိယောင်ကန်းဖြစ်ကာ သမီးလက်ကို ကျပ်ကျပ် ဆုပ်ကိုင်ထား၏။

"အေးလေ... နင် မကချင်လည်း မကနဲ့တော့ပေါ့။ ငါအစက နင့်ကို မပြောမိဘူး၊ ပြောရင်လည်း ဘာမှ မထူးတာနဲ့ မပြောတာပဲ။ သူတို့ပွဲက ရိုးရိုးက, တဲ့ပွဲ မဟုတ်ဖူးဟဲ့။ ခု တို့ကတဲ့ဟာက အရူးထောင်၊ ဟောဒါက ဒီစိတ္တဇဆေးရုံက ဆရာဝန်ကြီး ဦး... တဲ့။ စိတ္တဇဆေးရုံမှာ ဒီလိုပဲ မကြာခဏ ပွဲဖြစ်စေ၊ အငြိမ့်ဖြစ်စေက, လေ့ရှိတယ်။ အငြိမ့်က, ရင်း ပွဲကရင်း အရူးများရဲ့ စိတ် ဘယ်လို ပြောင်းလာတယ်၊ လူကောင်းစိတ် ပြန်ဝင်လာပြီလား..."

ဆရာချစ် ပြော၍မဆုံးမီပင် ဆရာဝန်ကြီး ဦး... က ဝင်လာ၍ စကားဆက်ပြန်၏။

"ဒီလိုပဲ ကလေးမရဲ့... သူတို့ရဲ့ စိတ်ပြောင်းလဲနေတာ... အာရုံခံစားတတ်တာ စက္ခုအာရုံ၊ သောတအာရုံတို့ပေါ့ကွယ်...၊ ဒါတွေဟာ ဘယ်လို ဖြစ်ပျက်နေတယ်၊ နဂို လူကောင်း ပကတိစိတ်လို ခံစားတတ်လာပြီလား၊ ရောဂါပျောက်ကင်းနိုင်ပါ့မလား၊ စိတ်အခြေအနေ ပြောင်းလဲလာသလားဆိုတာကို ဦးတို့လည်း ဒီလို အငြိမ့်ပွဲကစေပြီး လေ့လာရတယ်။ အခုလူနာတွေထဲမယ် နည်းနည်းပါးပါးပဲ သက်သာတဲ့ အခြေ

mgyoe.com